# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၈။ ဈေးများ

### ပထမပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - "စ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "စ"ဗျည်းအသံနှင့် အမည်ရွတ်ဆိုခြင်း<br>- "စ"ဗျည်း အက္ခရာ စာလုံးဆက်စပ်ခြင်း<br>- "စ"ဗျည်းကို ကူးရေးခြင်း (ပြောဆိုဆက်သွယ်) | - "တိုင်းရင်းသားအလှစုပေါင်းက"(ပုံပြင်)ပါ ပုံများ ပြခြင်း<br>- "စ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "စ"ဗျည်းအသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "စ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "စ"ဗျည်းကို ကူးရေးခြင်း (ပြောဆို ဆက်သွယ်) | - "ဓ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "ဓ"ဗျည်းအသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "ဓ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ဓ"ဗျည်းကို ကူးရေးခြင်း<br>- "တိုင်းရင်းသားအလှစုပေါင်းက"(ပုံပြင်)ကိုကြည့်၍ကလေးများ ထင်မြင်ချက် ပြောခြင်း (ပြောဆို ဆက်သွယ်) | - "ဓ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "ဓ"ဗျည်းအသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "ဓ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ဓ"ဗျည်းကို ကူးရေးခြင်း<br>- "တိုင်းရင်းသားအလှစုပေါင်းက"(ပုံပြင်)ကို ကြည့်၍ ကလေးများ ထင်မြင်ချက် ပြောခြင်း (ပြောဆို ဆက်သွယ်) | - "စ၊ဓ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "စ၊ဓ"ဗျည်းကို ကူးရေးခြင်း<br>- "သ၊လ၊ယ၊ဟ၊စ၊ဓ"ဗျည်းများကိုကျပန်းအသံနှင့် အမည် ရွတ်ဆိုခြင်း<br>- သင်ခဲ့ပြီးသောဗျည်းများကို သုံး၍ အက္ခရာကတ်များလှည့်ကစားနည်း ကစားခြင်း (ပြောဆို ဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - နှစ်သက်ရာ ကဗျာ ရွတ်ဆိုခြင်း<br>- "W"အက္ခရာ ရွတ်ဆိုခြင်း (ပြောဆို ဆက်သွယ်) | - မျဉ်းကွေးများ ရေးဆွဲခြင်း<br>- "W"အက္ခရာကို ရွတ်ဆိုခြင်း (ပြောဆို ဆက်သွယ်) | - မျဉ်းကွေးများ ရေးဆွဲခြင်း<br>- "X"အက္ခရာကို ရွတ်ဆိုခြင်း (ပြောဆို ဆက်သွယ်) | - "A,B,C,D" သီချင်း ရွတ်ဆိုခြင်း<br>- "X"အက္ခရာကို ရွတ်ဆိုခြင်း (ပြောဆို ဆက်သွယ်) | - "A to J" (၁၀)လုံးကို "ဟိုမှာတွေ့ပြီ တစ်ပတ်ပတ်ပြေး" ကစားနည်း ကစားခြင်း<br>- W,X အက္ခရာများကို ရွတ်ဆိုခြင်း (ပြောဆို ဆက်သွယ်) |



DBLBox

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁း၁၅-၁၁း၄၅ | - ဈေးတွင်မြင်တွေ့ရသော ဈေးဆိုင်အမျိုးမျိုးကို ဖော်ထုတ်ခြင်း<br>- ဈေးသည်ကဲ့သို့ သရုပ်ဆောင်ခြင်း<br>(ပတ်ဝန်းကျင်လောက) | - အစားအစာများဝယ်သည့်နေရာများကို ဖော်ထုတ်ခြင်း<br>- "ဈေးခြင်းတောင်းကြီးကွဲသွားပြီ" ကစားနည်းကစားခြင်း<br>(ကိုယ်စိတ်နှစ်ဖြာ) | - "အထည်သည်" ပုံပြင်ပြောခြင်း<br>- အထည်သည်ကဲ့သို့ သရုပ်ဆောင်ခြင်း<br>(ပတ်ဝန်းကျင်လောက) | - ဈေးရောင်းသူ၊ ဝယ်သူပြောဆိုပုံ ဆွေးနွေးခြင်း<br>- ဈေးရောင်းတမ်းကစားခြင်း<br>(စာရိတ္တ၊ မိတ္တ) | - ဈေးရောင်းတမ်းကစားခြင်း<br>(စာရိတ္တ၊ မိတ္တ) |
| ၁၁း၄၅-၁၂း၁၅ | - "တစ်၊နှစ်၊သုံး၊လေး" ကဗျာရွတ်ဆိုခြင်း<br>- ရေတွက်ခြင်း (၁ မှ ၇ အထိ)<br>(သင်္ချာ) | - ကျောင်းမုန့်ဆိုင်များ ဖော်ထုတ်ခြင်း<br>- ကျောင်းတွင်းရှိမုန့်ဆိုင်များကြည့်ရှုလေ့လာခြင်း<br>(ကိုယ်စိတ်နှစ်ဖြာ) | - ကိန်းကတ်ပြားများသုံး၍ဖတ်ခြင်း (၇ကိန်း)<br>- လေထဲတွင်ရေးခြင်း<br>- ကိန်းရေးခြင်း<br>(သင်္ချာ) | - "ဈေးသွားကြမယ်"ကဗျာရွတ်ဆိုခြင်း<br>(စာရိတ္တ၊ မိတ္တ) | - လေထဲတွင်ရေးခြင်း (၈ကိန်း)<br>- ကိန်းရေးခြင်း<br>- ကာယလေ့ကျင့်ခန်းပြုလုပ်ခြင်း<br>(သင်္ချာ) |
| ၁၃း၃၀-၁၄း၀၀ | - အိမ်အနီးပတ်ဝန်းကျင်တွင်တွေ့ရသော ဈေးဆိုင်ပုံများရေးဆွဲခြင်း<br>(အနုပညာရသ) | - ကျောင်းတွင်ရောင်းသော မုန့်ပုံများရေးဆွဲခြင်း<br>(အနုပညာရသ) | - အဝတ်အထည်ပုံများ စက္ကူညှပ်ခြင်း<br>- အရောင်ခြယ်ခြင်း<br>(အနုပညာရသ) | - ဈေးတွင်ရောင်းသော မုန့်များ၏ပုံကိုရေးဆွဲခြင်း<br>- အရောင်ခြယ်ခြင်း<br>(အနုပညာရသ) | - "ဈေးသွားကြမယ်"ကဗျာရွတ်ဆိုခြင်း<br>(အနုပညာရသ) |

DBEBox

## သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

### ၈။ ဈေးများ

### ဒုတိယပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - သင်ခဲ့ပြီးသော ဗျည်းအမည်များကို ရွတ်ဆိုခြင်း<br>- "ခ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "ခ"ဗျည်းအသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "ခ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ခ"ဗျည်းကို ကူးရေးခြင်း<br>- သင်ခဲ့ပြီးသော အက္ခရာများကို ကျောပေါ်တွင် အက္ခရာရေး ကစားနည်းဖြင့် ကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - သင်ခဲ့ပြီးသော ဗျည်းအမည်များကိုရွတ်ဆိုခြင်း<br>- "ခ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "ခ"ဗျည်းအသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "ခ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ခ"ဗျည်းကို ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "တိုင်းရင်းသား အလှစုပေါင်းက" (ပုံပြင်)ပြောခြင်း<br>- "ဆ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "ဆ"ဗျည်းအသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "ဆ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ဆ"ဗျည်းကို ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဆ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "ဆ"ဗျည်းအသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "ဆ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ဆ"ဗျည်းကို ကူးရေးခြင်း<br>- "တိုင်းရင်းသား အလှစုပေါင်းက" ပုံပြင်ပြောခြင်း<br>(ပြောဆိုဆက်သွယ်) | - "တိုင်းရင်းသား အလှစုပေါင်းက"ပုံပြင်ကို ကြည့်၍ကလေးများအား ပြောစေခြင်း<br>- သင်ခဲ့ပြီးသော ဗျည်းများကို ကျပန်းအသံနှင့်အမည် မေးခြင်း<br>- သင်ခဲ့ပြီးသော အက္ခရာများမှ ဆရာပြောသည့်အက္ခရာများကို ဝိုင်းစေခြင်း<br>- ဗျည်းအက္ခရာများခွဲခြားခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - နှစ်သက်ရာ ကဗျာ ရွတ်ဆိုခြင်း<br>- "Y"အက္ခရာ အမည် ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - မျဉ်းစောင်းနှင့် မျဉ်းကွေးများ ရေးဆွဲခြင်း<br>- "Y"အက္ခရာကို ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Z"အက္ခရာ ရွတ်ဆိုခြင်း<br>- "One,Two" ကဗျာ ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Z"အက္ခရာကို ရွတ်ဆိုခြင်း<br>- "A,B,C,D"<br>- သီချင်းရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - နှစ်သက်ရာ ကဗျာ ရွတ်ဆိုခြင်း<br>- "A to Z" ကတ်ပြားများဖြင့်အုပ်စုဖွဲ့ ကဗျာ ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) |

DBE BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
| --- | --- | --- | --- | --- | --- |
| ၁၁း၁၅-၁၁း၄၅ | - "ဈေး"ပုံပြင်ပြောခြင်း<br>- သရုပ်ဆောင်ခြင်း (ပတ်ဝန်းကျင်လောက) | - အစားအစာများ ရရှိပုံဆွေးနွေးခြင်း<br>- စိုက်ပျိုးခြင်း၊ မွေးမြူခြင်းကို ခွဲခြားခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - ဈေးတွင်ရနိုင်သော အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ ဖော်ထုတ်မေးမြန်းခြင်း<br>- ပုံဆွဲခြင်း (ပတ်ဝန်းကျင်လောက) | - ဈေးရောင်းတမ်းကစားခြင်း (စာရိတ္တ၊ မိတ္တ) | - ကစားစရာပုံများဖြတ်၊ ညှပ်၊ကပ်ပြုလုပ်ခြင်း (ကိုယ်စိတ်နှစ်ဖြာ) |
| ၁၁း၄၅-၁၂း၁၅ | - ရေတွက်ခြင်း (၁မှ၉အထိ)<br>- လေထဲတွင်ရေးခြင်း (၉ကိန်း)<br>- ကိန်းရေးခြင်း (သင်္ချာ) | - ဈေးတွင်ရနိုင်သော အသီးအနှံများ ဖော်ထုတ်ခြင်း<br>- ပုံဆွဲခြင်း (ပတ်ဝန်းကျင်လောက) | - ကိန်းကတ်ပြားများ သုံး၍ ဖတ်ခြင်း (၁မှ၁၀)အထိ<br>- လေထဲတွင်ရေးခြင်း (၁၀ကိန်း)<br>- ကိန်းရေးခြင်း (သင်္ချာ) (ပတ်ဝန်းကျင်လောက) | - ဈေးတွင်ရောင်းချသော ပစ္စည်းများ ဖော်ထုတ်ခြင်း<br>- အမျိုးအစားခွဲခြင်း (အစားအစာ၊ အဝတ်အထည်၊ ကစားစရာ) | - ၁ မှ ၁၀အထိ ကိန်းများပြန်ရေးခြင်း<br>- နောက်ပြန်ရေတွက်ခြင်း<br>- ကဗျာရွတ်ဆိုခြင်း (ပန်းကလေး ၁၀ပွင့်) (သင်္ချာ) |
| ၁၃း၃၀-၁၄း၀၀ | - "တစ်၊ နှစ် စာကို ချစ်" ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - "ကောက်ညှင်းပေါင်း"ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - "ကြက်ခြံကလေး" ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - "ကောက်ညှင်းပေါင်း"ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - မြင်ဖူးသောဈေးပုံကို တည်ဆောက်ကစားခြင်း (အနုပညာရသ) |

**ပထမပတ်**

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "စ"ဗျည်းကို အသံထွက် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"စ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကဗျာများရွတ်ဆိုနည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "စ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"စ"ဗျည်း၏ အသံနှင့်အမည် ရွတ်ဆိုခြင်း။ (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်း၏ အသံနှင့်အမည် သင်ကြားနည်းအတိုင်း ပြုလုပ်ပါ။
- "စ"ဗျည်း၏အမည်သည် "စ,လုံး"ဖြစ်သည်။

**"စ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်း ပြုလုပ်ပါ။
- ဥပမာ-စပါး၊ စနေနေ့၊ စကားဝါ

အသေးစိတ်သင်ယူမှုရလဒ်။ ။ "စ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"စ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းများ ကူးရေးခြင်းလုပ်ငန်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **နှစ်သက်ရာ ကဗျာရွတ်ဆိုခြင်း(၁၅ မိနစ်)**

- ရွတ်ဆိုပြီးသော အင်္ဂလိပ်ကဗျာများမှ ကလေးများ ရွတ်ဆိုလိုသော ကဗျာများကို အမူအရာဖြင့် စိတ်ကြိုက်ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"W" အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"W" အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိပတ်ဝန်းကျင်တွင် ဈေးဆိုင်အမျိုးမျိုးရှိကြောင်းပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**မေးခွန်းမေး၍ဆွေးနွေးခြင်း ( ၁၅ မိနစ်)**

- ဆရာက အောက်ပါမေးခွန်းများမေး၍ဆွေးနွေးပါ။
- ဈေးဝယ်ဖူးသလား။ ဘာတွေဝယ်ဖူးလဲ။
- ဘယ်မှာဝယ်တာလဲ။
- ဘာဆိုင်တွေ တွေ့ဖူးလဲ။(မုန့်ဆိုင်၊ ဆေးဆိုင်၊ လက်ဖက်ရည်ဆိုင် . . . . . စသည်)
- ဈေးကိုရောက်ဖူးသလား။ခေါင်းရွက်ဈေးသည်တွေရောမြင်ဖူးလား။
- ဈေးမှာဘာဆိုင်တွေ တွေ့ဖူးလဲ။

လုပ်ငန်းစဉ်(၂) ။ ။ **သရုပ်ဆောင်ကစားခြင်း (၁၅ မိနစ်)**

- ကလေးများအား ဈေးတွင်တွေ့ရသော ဈေးသည်များ၏ အော်ဟစ်ရောင်းချပုံကို သရုပ်ဆောင်ပါစေ။ (ဥပမာ-ကြက်သားသည်၊ ဟင်းရွက်သည်၊ ငါးသည်၊ . . . . စသည်)

မှတ်ချက်။ ။ဈေးမရှိသော အရပ်ဒေသ၊ ဈေးသို့မရောက်ဖူးသော ကလေးများအား ရပ်ရွာထဲတွင် တွေ့ဖူးသော ဈေးသည်များကဲ့သို့ ဈေးရောင်းပြပါစေ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။(၁) မှ (၇) အထိ ရေတွက်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။**ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ဆရာက "တစ်၊ နှစ်၊ သုံး၊ လေး" ကဗျာကို တိုင်ပေးပါ။
- ကလေးများအား အမူအရာဖြင့် ရွတ်ဆိုပါစေ။

"တစ်၊ နှစ်၊ သုံး၊ လေး"
(၁၊ ၂၊ ၃၊ ၄)၂
(၅၊ ၆၊ ၇)၂
(၇ပြီးတော့ ၈ ကွယ်)၂
(၉၊ ၁၀)၂

လုပ်ငန်းစဉ်(၂) ။ ။ **ရေတွက်ခြင်း (၁၅ မိနစ်)**

- ဆရာက ခဲတံ (၇)ချောင်းကိုယူ၍ (၁) မှ (၇) ထိ ရေတွက်ပြပါ။ ကလေးများအား လိုက်၍ ရွတ်ဆိုပါစေ။
- ကလေးများအား (၇)ဦးစီ အရှေ့သို့ခေါ်ပြီး (၁) မှ (၇)ထိ အမှတ်စဉ်မှတ်၍ ရေတွက်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အိမ်ပတ်ဝန်းကျင်တွင် မြင်တွေ့ရသောဈေးဆိုင်များပုံကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ် (၁)။ ။**မေးခွန်းမေးခြင်း (၁၅ မိနစ်)**

- မိမိအိမ်ပတ်ဝန်းကျင်အနီးအနားမှာဘာဆိုင်တွေရှိလဲ။
- အဲဒီဆိုင်မှာ ဘာတွေဝယ်လို့ရသလဲ။ (တစ်ဦးစီကိုမေးပါ။)

**ပုံဆွဲခြင်း (၁၅ မိနစ်)**

- မိမိအိမ်အနီးတွင်မြင်ဖူးသော ဈေးဆိုင်ပုံများ စိတ်ကြိုက်ရေးဆွဲပါစေ။
- အရောင်ခြယ်ပါစေ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုခန့်မှန်းပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**"တိုင်းရင်းသားအလှစုပေါင်းက" ပုံပြင်ပါ ပုံများပြသခြင်း (၁၅ မိနစ်)**

- သင်ကြားပြီးသော ပုံပြင်များအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "စ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"စ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ရွတ်ဆိုပြီးသော "စ"ဗျည်းကဗျာကို ပြန်လည်ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"စ"ဗျည်း၏အသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"စ"ဗျည်း၏အသံနှင့်အမည်ကိုရွတ်ဆိုခြင်း (၁၅ မိနစ်)**

- "စ"ဗျည်းအက္ခရာ၏အသံနှင့်အမည်ကိုကလေးတစ်ဦးချင်းစီ ပြန်လည်ရွတ်ဆိုပါစေ။

"စ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း

- သင်ကြားပြီးသော"စ"ဗျည်းအက္ခရာပါသောစာလုံးများကိုပြန်လည်မေးမြန်းပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"စ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"စ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- သင်ကြားပြီးသောဗျည်းများ ကူးရေးခြင်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ မျဉ်းကွေးများ ရေးဆွဲတတ်ရန်။



DRE BOX

လုပ်ငန်းစဉ်။ ။**မျဉ်းကွေးများ ရေးဆွဲခြင်း (၁၅ မိနစ်)**

- သင်ပုန်းပေါ်တွင် "ဂ" ပုံ "ပ"ပုံမျဉ်းကွေးများ (အကျဲ၊ အစိပ်) ကြိုတင် ရေးဆွဲထားပါ။
- ဆရာကသင်ပုန်းပေါ်ရှိ အစက်များကိုဆက်ဆွဲ၍ မျဉ်းကွေးများရအောင် ဆွဲပြပါ။
- ကလေးများ၏ လုပ်ငန်းပေးစာအုပ်ရှိ မျဉ်းကွေးအစက်များကို ဆက်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"W'' အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "W''**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အစားအစာများ မည်သည့်နေရာမှ ဝယ်သည်ကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**မေးခွန်းမေး၍ဆွေးနွေးခြင်း (၁၀ မိနစ်)**

- အိမ်မှာဘာဟင်းတွေ ချက်စားသလဲ။
- ဟင်းချက်ဖို့ဘာတွေဝယ်ရလဲ။
- ဟင်းချက်ဖို့ဘယ်နေရာက ဝယ်လဲ။(ဈေး၊ ခေါင်းရွက်သည်၊ အိမ်အနီးမှဆိုင်များ)

လုပ်ငန်းစဉ်(၂) ။ ။**ကစားခြင်း (မိနစ် ၂၀)**

- "ဈေးခြင်းတောင်းကြီးကွဲသွားပြီ"ကစားနည်းကို ကစားပါ။

**"ဈေးခြင်းတောင်းကြီးကွဲသွားပြီ"**

- ဆရာက ဈေးတွင်ရနိုင်သော ဟင်းချက်စရာပစ္စည်းများ၊ အသား၊ငါး၊ ဟင်းသီးဟင်းရွက် စသည့်ပုံများကို စာရွက်ပိုင်းငယ်လေးများတွင် ပုံဆွဲထားပါ။ ကလေးတစ်ဦးစီကို ပုံများ ကပ်ပေးပါ။ ကလေးတစ်ယောက်ကို ဈေးဝယ်သူအဖြစ် ထားပါ။ ကလေးများအားလုံးကို ဝိုင်း၍ထိုင်ပါစေ။ဈေးဝယ်သူကိုဝိုင်း အလယ်တွင်ရပ်ပါစေ။ ထိုကလေးက ထိုင်နေသော ကလေးများတွင် ကပ်ထားသောပုံများကို ကြည့်၍ ဈေးတွင် ဈေးဝယ်ထွက်သည့် ဟန်ပန်နှင့် ကြက်သားပုံကို ကြည့်၍ ကြက်သားဝယ်မည်ဟုပြောပါစေ။ ကြက်သားပုံကပ်ထားသောကလေးက ထ၍သူ့နောက်မှ လိုက်ပါစေ။ ဤသို့ဖြင့် ကလေးတစ်ဦးပြီး တစ်ဦး ခေါ်၍ ဝိုင်းထဲတွင် တန်း၍ လမ်းလျှောက်ပါ။ (၆)ဦး (၇)ဦးခန့်ခေါ်ပြီးလျှင် "ဈေးခြင်း တောင်းက လေးလာပြီ၊ လေးလာပြီ"ဟု ဈေးဝယ်သူကပြောပြီး "ဈေးခြင်းတောင်းကြီး ကွဲသွားပြီ"ဟု ရုတ်တရက်ပြောပြီးနေရာလု၍ထိုင်ပါ။ လမ်းလျှောက်နေသူအားလုံးလည်း နေရာလု၍ထိုင်ပါစေ။ နေရာမရသူသည် ဈေးဝယ်သူအဖြစ်လုပ်၍ အစမှ ပြန်ကစားပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကျောင်းတွင်ရောင်းသော မုန့်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**မေးခွန်းမေးခြင်း (၁၀ မိနစ်)**

- ဆရာကအောက်ပါမေးခွန်းများကိုမေးပါ။
- ကျောင်းမှာဘာမုန့်ဆိုင်တွေရှိလဲ။
- ဘာတွေဝယ်စားလဲ
- ဘာမုန့်တွေကြိုက်လဲ။

မှတ်ချက်။ ။ကျောင်းမုန့်ဆိုင်မရှိပါက ကလေးများ ဝယ်စားဖူးသော မုန့်များကို ပြောပါစေ။

DBE Box

လုပ်ငန်းစဉ်(၂) ။ ။ **ကြည့်ရှုလေ့လာခြင်း (မိနစ် ၂၀)**

- ကျောင်းမုန့်ဆိုင်များကို ဆရာနှင့်အတူကြည့်ရှုလေ့လာပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကျောင်းတွင်ရောင်းသောမုန့်များကို ပုံဆွဲတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ပုံဆွဲခြင်း (မိနစ် ၃၀)**

- ကျောင်းတွင်ရောင်းသောမုန့်များကို စိတ်ကြိုက်ပုံဆွဲပါစေ။
- အရောင်ခြယ်ပါစေ။

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဓ"ဗျည်းကို အသံထွက် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဓ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဓ"ဗျည်း၏ အသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဓ"ဗျည်း၏ အသံနှင့်အမည်ကိုရွတ်ဆိုခြင်း (၁၅ မိနစ်)**

- သင်ကြားပြီးသောဗျည်း၏ အသံနှင့်အမည် သင်ကြားနည်းအတိုင်း ပြုလုပ်ပါ။
- "ဓ"ဗျည်း၏အမည်မှာ "ဓအောက်ခြိုက်" ဖြစ်သည်။
- "ဓ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း
- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းနည်းအတိုင်း ပြုလုပ်ပါ။
- ဥပမာ-(ဓနိပင်၊ ဓနုလူမျိုး)

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဓ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ဓ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- သင်ကြားပြီးသော ဗျည်းများကူးရေးနည်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ပါ ရုပ်ပုံများကိုကြည့်၍ ထင်မြင်ချက်ကိုပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**"တိုင်းရင်းသားအလှစုပေါင်းက" ပုံပြင်ကိုကြည့်၍ထင်မြင်ချက်ကိုပြောခြင်း (၁၅ မိနစ်)**

- သင်ကြားပြီးသောပုံပြင်ကိုထင်မြင်ချက်ပြောစေခြင်းနည်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ မျဉ်းကွေးများ ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**မျဉ်းကွေးများ ရေးဆွဲခြင်း (၁၅ မိနစ်)**

- သင်ပုန်းပေါ်တွင် "၁" ပုံ နှင့် "င"ပုံမျဉ်းကွေးများ(အကျဲ၊ အစိပ်)ကြိုတင်ရေးဆွဲထားပါ။
- ဆရာကသင်ပုန်းပေါ်ရှိ အစက်များကိုဆက်ဆွဲ၍ မျဉ်းကွေးများရအောင် ဆွဲပြပါ။
- ကလေးများ၏ လုပ်ငန်းပေးစာအုပ်ရှိ မျဉ်းကွေးအစက်များကို ဆက်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "X"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"X"အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အထည်သည် ဈေးရောင်းပုံကို သရုပ်ဆောင်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။**ပုံပြင်ပြောခြင်း (၁၅ မိနစ်)**

- ဆရာက "အထည်သည်" ပုံပြင်ကိုပြောပြပါ။

**သရုပ်ဆောင်ခြင်း (၁၅ မိနစ်)**

- ပုံပြင်ထဲမှ ဇာတ်ကောင်များကဲ့သို့ သရုပ်ဆောင်ပါစေ။

DBEBox

အသေးစိတ်သင်ယူမှုရလဒ်။ ။ (၇)ကိန်းကိုရေးတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။**ကိန်းကတ်ပြားများသုံး၍ဖတ်ခြင်း (၁၀ မိနစ်)**

- ဆရာက (၁) မှ (၇) အထိ ကိန်းကတ်ပြားများကို ကလေး (၇)ဦးအားဝေပေးပြီး အတန်းရှေ့တွင် ရပ်ပါစေ။
- (၁) ဦးစီအား ကတ်ပြားကိုထောင်ပြစေပြီး ကျန်ကလေးများက ဖတ်ပါစေ။

**လေထဲတွင် ရေးခြင်း (၅ မိနစ်)**

ဆရာက (၇)ကိန်းကိုလေထဲတွင်ရေးပြပါ။

- ကလေးများက လိုက်၍လေထဲတွင် ရေးပြပါစေ။

(၇)ကိန်းရေးခြင်း (၁၅ မိနစ်)

- (၇)ကိန်းကို ဆရာက သင်ပုန်းတွင် ရေးပြပါ။
- ဆရာက ကလေးတစ်ဦးစီ၏စာအုပ်တွင် (၇)ကိန်းကိုရေးပြပြီး ကလေးက ဆက်၍ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အဝတ်အထည်ပုံများတီထွင်ဖန်တီးတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**အဝတ်အထည်ပုံများကို စက္ကူညှပ်ခြင်း (မိနစ်၃၀)**

- မိမိနှစ်သက်သောအဝတ်အထည်ပုံများကို စက္ကူဖြင့်ညှပ်၍ ပုံဖော်ပါစေ။ (ရှပ်အင်္ကျီ၊ ဘောင်းဘီရှည်/တို၊ စကတ်၊ ဂါဝန်၊. . . . စသည်)
- အရောင်ခြယ်ပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ခ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ခ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- သင်ကြားပြီးသော"ခ"ဗျည်းကဗျာကိုကလေးများအမှုအရာဖြင့် ပြန်လည်ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ခ"ဗျည်း၏အသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ခ"ဗျည်း အသံနှင့်အမည်ကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- သင်ကြားပြီးသော"ခ"ဗျည်း၏အသံနှင့်အမည်ကိုကလေးများအား တစ်ဦးချင်းပြန်လည်ရွတ်ဆိုပါစေ။
- "ခ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း
- သင်ကြားပြီးသော"ခ"ဗျည်းအက္ခရာပါသောစာလုံးကိုပြန်လည်မေးမြန်းပါ။
- ကလေးတစ်ဦးချင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ခ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ခ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- သင်ကြားပြီးသော"ခ"ဗျည်းကူးရေးခြင်းကိုပြန်လည်ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ရုပ်ပုံများကိုကြည့်၍ ထင်မြင်ချက်ကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**"တိုင်းရင်းသားအလှစုပေါင်းက"ပုံပြင်ကိုကြည့်၍ထင်မြင်ချက်ပြောခြင်း(၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ပုံပြင်ပြောနည်းအတိုင်း ပြုလုပ်ပါ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။သီချင်းကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ "A,B,C,D" **သီချင်းကဗျာ ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကဗျာ ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။** **"X"အက္ခရာကို အမည်ကို ပြောပြတတ်ရန်။**

လုပ်ငန်းစဉ်။ ။**"X"အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဈေးရောင်းပုံ၊ ဝယ်ပုံကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**မေးခွန်းမေး၍ဆွေးနွေးခြင်း (၁၀ မိနစ်)**

- ဆရာက အောက်ပါမေးခွန်းများမေး၍ ဆွေးနွေးပါ။
- ဈေးဝယ်ဖူးသလား။ ဈေးရောင်းသူက ဘယ်လိုပြောပြီး ရောင်းကြလဲ။
- ဈေးဝယ်သူကရော ဘယ်လိုပြောသလဲ။
- ဈေးလျှော့ခိုင်းတတ်သလား။

**ဈေးရောင်းတမ်းကစားခြင်း (မိနစ် ၂၀)**

- အဝတ်အထည်ပုံများအသုံးပြု၍စိတ်ကြိုက်ဈေးရောင်းတမ်း ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိသားစုအားကူညီပုံကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။**ကဗျာရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ဆရာက "ဈေးသွားကြမယ်" ကဗျာကိုရွတ်ဆိုပြပါ။
- ကလေးများအားလိုက်၍ရွတ်ဆိုပါစေ။
- ကလေးများဟန်အမူအရာဖြင့် ရွတ်ဆိုပါစေ။

**မေးခွန်းများမေး၍ဆွေးနွေးခြင်း (၁၀ မိနစ်)**

- ဆရာက အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးပါ။
- အဖေ၊ အမေတွေနဲ့ ဈေးထဲသွားဖူးသလား။
- ဘာတွေဝယ်လာလဲ။
- ဘာတွေကူသယ်ပေးဖူးသလဲ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဈေးတွင်ရောင်းသော မုန့်ပုံများကိုရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**ပုံဆွဲခြင်း (မိနစ် ၃၀)**

- ဈေးတွင်ရောင်းသောမုန့်များကို စိတ်ကြိုက်ပုံဆွဲပါစေ။
- အရောင်ခြယ်ပါစေ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "စ" ဗျည်းနှင့် "ဓ"ဗျည်းကိုအသံထွက် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"စ၊ဓ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- "စ"ကဗျာနှင့် "ဓ"ဗျည်းကဗျာကိုသင်ကြားခဲ့ပြီးသော ဗျည်းကဗျာရွတ်ဆိုနည်း အတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"စ၊ဓ"ဗျည်းများကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"စ၊ဓ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- "စ၊ဓ"ဗျည်းများကို သင်ကြားပြီးသော ဗျည်းများကူးရေးနည်းအတိုင်း ပြုလုပ်ပါ။

DBE BOX